ကျောက်မြောင်းကျေးရွာ
ရွာငံမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၂၄-၂၀၂၈)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကျောက်မြောင်းကျေးရွာ
(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)
၂၀၂၄ခုနှစ်

ကျောက်မြောင်းကျေးရွာ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	စကားချီး	
	ကျေးရွာသယံဇာတပြမြေပုံ	
၁	**တည်နေရာနှင့် ပထဝီဝင်အနေအထား**	
၂	**ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**	
၃	**ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**	
၄	**စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ**	
	(က) သီးနှံစိုက်ပျိုးရေး	
	(ခ)မွေးမြူရေးလုပ်ငန်း	
	(ဂ)ငါးလုပ်ငန်း	
	(ဃ)စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	
	(င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	
၅	**အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**	
	(က)ကျေးလက်သယ်ယူကပို့ဆောင်ရေး	
	(ခ)ကျေးရွာမီးလင်းရေး	
	(ဂ)သတင်းနှင့် ဆက်သွယ်ရေး	
၆	**ပညာရေး**	
၇	**ကျန်းမာရေး**	
၈	**ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	
၉	**ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ**	
၁၀	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ**	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	
	နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	
	နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား	
	နောက်ဆက်တွဲ(၄) နှစ်အလိုက်ဦးစားပေးစီမံချက်များလျာထားချက်	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၄/၂၅ဘဏ္ဍာရေးနှစ် မှ ၂၀၂၈/၂၉ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံး သောလူအများပါဝင် ရေးဆွဲသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူး ပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင်ရွက် ခဲ့ကြသော်လည်းလူထုအများစုနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမကကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံ လိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှု တို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များ ကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။


ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီ အစဉ်များ၊

ဘတ်ဂျတ်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မ အဆင့်ဆင့် တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ) သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီးအဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

မတ်လ၊ ၂၀၂၅ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကျောက်မြောင်းကျေးရွာ
ရွာဦးမြို့နယ်


ကျောက်မြောင်းကျေးရွာ သယံဇာတပြဖြေပုံ



ကျောက်မြောင်းကျေးရွာ ရာသီဥတုပြ ပြကွဲဒိန်

ဘဲဥ	အမည်	ရန်	ဖေ	မတ်	ဧပြီ	မေ	ဇွန်	ဇူလိုင်	သြဂုတ်	စက်	အောက်	နို	ဒီ
၁။	ရာသီဥတု	//// ////						////	////				
၂။	သောက်သုံးရေ												
၃။	နို့ကျဖျိုးရေး												
၄။	ပိုးမွှားကျရောက်မှု												
၅။	မွေးမြူရေး		X	X	X		X	X	X		X	X	X
၆။	ရောဂါကျရောက်မှု												
၇။	ကျန်းမာရေး												
၈။	ကျပန်း						X	X	X				
၉။	ဝင်ငွေ												
၁၀။	ဘာသာရေးပွဲတော်												

ကျောက်ဖြောင်းကျေးရွာ အဖွဲ့အစည်းချိတ်ဆက်ပြဖြေပုံ



၁။ တည်နေရာ၊ရာသီဥတု၊မြေမျက်နှာသွင်ပြင်အနေအထား

ကျောက်မြောင်းကျေးရွာသည် ရွာငံမြို့နယ် ကျောက်မြောင်းကျေးရွာအုပ်စုတွင် ပါဝင်သည်။ ကျောက်မြောင်းကျေးရွာသည် ရွာငံမြို့နှင့်(၆)မိုင် တည်ရှိသောကျေးရွာ ဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါသည်။ ကျေးရွာသည် တောင်တန်းများကြားတွင် တည်ရှိပြီး ကျေးရွာအနီးဝန်းကျင်တွင် ကျေးရွာများလည်း ရှိသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်

ကျောက်မြောင်းကျေးရွာသည် အအေးပိုင်းဒေသတွင် တည်ရှိပြီး ရာသီဥတု အလွန်အေးပါသည်။ သို့ရာတွင် သစ်တောများပြုန်းတီးမှု၊တောမီးလောင်မှုများကြောင့် ရာသီဥတု ဖောက်တတ်ပါသည်။ သဘာဝအရင်း အမြစ်များ အနေဖြင့် သစ်တောအနည်းငယ်ရှိ၍ အနီးတဝိုက်တွင် သဘာဝပေါက်ပင်များ ပေါက်ရောက်တတ်သော်လည်း အတွေ့ရများသော အပင်များသာ ဖြစ်ပါသည်။ ကျေးရွာလူထုအတွက် ထင်း၊ဝါး၊ဆေးဖက်ဝင်အပင်များရရှိသည်။ စားကျက်မြေသီးသန့်မရှိဘဲ သဘာဝတိရိစ္ဆာန်မျိုးစိတ်များလည်း ရရှိနိုင်မှု နည်းပါးသွားပြီဖြစ်သည်။

၃။ ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုအခြေအနေ

ကျောက်မြောင်းကျေးရွာတွင် အိမ်ထောင်စုပေါင်း(၃၅၀)စုနှင့် ကျား(၆၂၇)၊ မ(၆၅၇)ဦး ဖြင့် လူဦးရေ ပေါင်း (၁၂၈၄)ဦး ရှိပါသည်။ ကျေးရွာတွင် ဓနလူမျိုးများအများဆုံးနေထိုင်ကြပြီး ၊ဗမာလူမျိုးအနည်းငယ်လည်း နေထိုင်ပါသည်။ အလုပ်လုပ်နိုင်သည့် အရွယ် (၆၅%) ရှိပါသည်။ အမျိုးသားများနည်းတူ အမျိုးသမီးများလည်း လုပ်ကိုင်နိုင်သည့် အလုပ်များကို ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များ ဖန်တီးပေးနိုင်ပါက လူစွမ်းအားအရင်းအမြစ်များကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုး တိုးတက် ရေး အတွက် ပိုမိုအထောက်အကူပြုစေနိုင်ပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက် ရေးအတွက် ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး လုပ်ငန်းများ အတွက် အားတက်သ ရောပါဝင်ဆောင်ရွက် ကြပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျောက်မြောင်းကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ ဧကများစွာရှိပါ သည်။အဓိကအားဖြင့် လက်ဘက်၊ဂေါ်ရခါး၊ထောပတ်သီး၊ဂေါ်ဖီ တို့ကို စိုက်ပျိုးကြပါသည်။ ဆင်းရဲသား အိမ်ထောင်စုများသည် နေ့စားကျပန်းနှင့် ရာသီအလိုက် လုပ်ငန်းခွင်များတွင် ဝင်ရောက်လုပ်ကိုင် ကြပါသည်။

စီးပွားရေးအနေဖြင့် သင့်တင့်မျှသည်ဟု ဆိုနိုင်သော်လည်း စိုက်ပျိုးရေးကို အခြေခံသော ကျေးရွာဖြစ်သည့်အတွက် သီးနှံဈေးကွက်ပေါ်မူတည်ပါသည်။ ဂေါ်ရခါးနှင့် ဂေါ်ဖီတို့ကို အဓိက စိုက်ပျိုးကြပြီး ဈေးကွက်မကောင်းခြင်း၊မြေဆီလွှာမကောင်းခြင်းနှင့် ပိုးမွှားရောဂါများကျရောက်ခြင်းနှင့် မြေဩဇာကောင်းကောင်းမသုံးနိုင်ခြင်းများ ရှိနေပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊မြေဩဇာနှင့် သွင်းအားစုများခါတုပိုးသတ် ဆေးများကို ရွာငံမြို့တွင် အလွယ်တကူ ဝယ်ယူနိုင်ပါသည်။သီးနှံဈေးကွက်နှင့် ဝန်ဆောင်မှုတွင်

ကုန်သည် ပွဲစားများမှ တဆင့် ရောင်းချလျက်ရှိပါသည်။စိုက်ပျိုးမြေများတွင် မြေဆီလွှာ ပျက်စီးခြင်း ပိုးမွှားများကျရောက်ခြင်း စိုက်ပျိုးမြေမချဲ့နိုင်ခြင်းများ ရှိနေပါသည်။သီးနှံအထွက်တိုးနည်းပါးရခြင်းမှာ မြေအရည်အသွေးမကောင်းခြင်း၊ဓါတုမြေဩဇာများ မသုံးစွဲနိုင်ခြင်း မျိုးမကောင်းခြင်း ဈေးကွက်အခက်အခဲရှိခြင်းတို့ကြောင့် မိသားစုဝင်ငွေ နည်းပါးလျက်ရှိပါသည်။

(ခ) **မွေးမြူရေးလုပ်ငန်း**

ကျောက်မြောင်းကျေးရွာတွင် နွားမွေးမြူထားသော အိမ်ထောင်စု (၁၀)စု ရှိပြီး၊ နွားကောင်ရေ (၃၀)ကောင်၊ ဝက်မွေးမြူထားသော အိမ်ထောင်စု(၅၀)စု ရှိပြီး ဝက်ကောင်ရေ(၅၀)ကောင်ရှိပါသည်။ အများစုမှာ တစ်ပိုင်တစ်နိုင်မွေးမြူသည့် အိမ်ထောင်စုများဖြစ်ကြပြီး ဝက်ကိုစုဗူးအဖြစ် မွေးမြူကြသည်။

ကျောက်မြောင်းကျေးရွာတွင်စားကျက်မြေနည်းပါးသောကြောင့် မွေးမြူရေးလုပ်ကိုင်ရန် ခက်ခဲပါသည်။ နွားများအတွက် သောက်သုံးရေ အသင့်အတင့်ရှိပါသည်။ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်ရန်မတွက် အခက်အခဲပြဿနာမှာ မွေးမြူနိုင်ရန် စားကျက်မြေလုံလောက်မှုမရှိခြင်း ၊ တိရိစ္ဆာန်ရောဂါ ကျရောက် မှုနှင့် ပတ်သက်၍ နည်းပညာ ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ပုံမှန်မရရှိပေ။ စီးပွားဖြစ် မွေးမြူရေး လုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

(ဂ) **ငါးလုပ်ငန်း**

ကျောက်မြောင်းကျေးရွာသည် တောင်ပေါ်တွင် တည်ရှိသောကြောင့် ငါးလုပ်ငန်းများ ဆောင်ရွက်မှု မရှိပါ။

(ဃ) **စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ**

ကျောက်မြောင်းကျေးရွာတွင် အိမ်ထောင်စုများသည် မိမိတို့ကိုယ်ပိုင် မြေကွက်များတွင် စိုက်ပျိုး လုပ်ကိုင်ကြပါသည်။ ကျပန်းလုပ်သားများ၊နေ့စားအငှားလိုက် လုပ်ငန်းများ လုပ်ကိုင် ဆောင်ရွက် ပါသည်။ အခွင့်အလမ်းအနေဖြင့် လုပ်သားအင်အားရှိခြင်း ဈေးကွက်အသင့်ရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အဓိက လုပ်ကိုင်ကြခြင်း ဈေးကွက်လေ့လာနိုင်ခြင်း၊ အခြားဝင်ငွေ ရလုပ်ငန်း လုပ်ကိုင်နေသူ အနည်းငယ်သာ ရှိသည်။

(င) **ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ကျောက်မြောင်းကျေးရွာတွင် ပြင်ပအဖွဲ့အစည်းများဖြစ်သော စထာပနာအဖွဲ့၊ ဟာနာအဖွဲ့နှင့် သမဝါယမအဖွဲ့တို့မှ ငွေချေး၍ လုပ်ငန်းများ ဆောင်ရွက်ကြပါသည်။ချေးငွေများကို စားဝတ်နေရေး၊ပညာရေး၊ကျန်းမာရေးနှင့် ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ရန် ချေးယူကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျောက်မြောင်းကျေးရွာ၏ သယ်ယူပို့ဆောင်ရေးနှင့် သွားလာရလွယ်ကူရေးအတွက် မော်တော်ကား၊ထော်လာဂျီနှင့် ဆိုင်ကယ်များကို အဓိကထား အသုံးပြုကြသည်။ လမ်းပန်းဆက်သွယ်ရေး အသင့်အတင့် ကောင်းမွန်သောကြောင့် ကုန်စည်စီးဆင်းမှုမှာလည်း လျှင်မြန်ပါသည်။ သို့ရာတွင် အချို့အိမ်ထောင်စုများမှာ ကိုယ်ပိုင် ပိုင်ဆိုင်သည့် ယာဉ်မရှိခြင်းကြောင့် အရေးပေါ် ပြဿနာများ ဖြစ်ပေါ်လာသည့်အခါ အခက်အခဲများ ဖြစ်နေရပါသည်။

ကျောက်မြောင်းကျေးရွာလမ်းမှာ မြေသားလမ်းများသာဖြစ်ပြီး မိုးရာသီကာလတွင် သွားလာရ ခက်ခဲပါသည်။ကျေးရွာတွင်းလမ်းမကြီးမှာ ကတ္တရာလမ်းဖြစ်သော်လည်း အပျက်အစီးများ နေပါသဖြင့် သွားလာရ ခက်ခဲပြီး ပြင်ဆင်ရန်လိုအပ်လျက်ရှိပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျောက်မြောင်းကျေးရွာတွင် အစိုးရလျှပ်စစ်မီး ရရှိပြီး အိမ်ထောင်စုအများစု အသုံးပြုကြပါသည်။ သို့ရာတွင် အချို့သော အိမ်ထောင်စုများသည် လျှပ်စစ်မီး မရရှိသေးပါဖြင့် ချက်ပြုတ်ရေးအတွက် ထင်းခုတ်သူနှင့် မီးသွေးဖုတ်သူများ ရှိသောကြောင့် သစ်တောများပြုန်းတီးလာနေပြီး ရာသီဥတုများ ဖောက်ပြန်လာမည်ကို စိုးရိမ်ရပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျောက်မြောင်းကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း(၃၀၀)လုံး ၊ရေဒီယို (၅၀)လုံးတို့မှ ရရှိပါသည်။

၆။ ပညာရေး

ကျောက်မြောင်းကျေးရွာတွင် အထက်တန်း ပညာရေး သင်ကြားနိုင်ပါသည်။ လက်ရှိအချိန်တွင် ပညာရေးကို ဦးစားပေးလေ့လာကြသော်လည်း ယခင်အချိန်က ပညာရေး စိတ်ဝင်စားမှုနည်းပါးခြင်းကြောင့် စာမတတ်သူနှင့် မူလတန်းပညာသာ တတ်မြောက်ကြပါ သည်။ အထက်တန်းတက္ကသိုလ် ပညာတတ်မြောက်သူများ ရှိပါသည်။ ကျောင်းအဆောက်အဦ မှာ နှစ်အတော်ကြာပြီဖြစ်၍ ပျက်စီးယိုယွင်းမှု ရှိပါသည်။ကျောင်းသား/သူများ ပညာရေးကို စိတ်ဝင်စားစေရန် အတွက် ပညာပေးဟောပြောပွဲများ ပြုလုပ်ရန်လည်းလိုအပ်နေပါသည်။ ကျောင်းပရိဘောဂများ အားကစားဆိုင်ရာ ပစ္စည်းများလက်လှမ်းမီမှု အားနည်းနေပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျောက်မြောင်းကျေးရွာတွင် ကျန်းမာရေးဝန်ဆောင်မှုကို ကျေးရွာ ကျေးလက်ဆေးပေးခန်းတွင် သွားရောက်ကုသနိုင်ပါသည်။ ရောဂါကြီးကြီးမားမား ဖြစ်ပွားပါက ရွာနှင့်(၆)မိုင်ကွာဝေးသည့် ရွာငံမြို့နယ်ဆေးရုံတွင် သွားရောက်ကုသပါသည်။ ကျေးရွာတွင် ကျန်းမာရေးနှင့် ပတ်သက်သည့် အသိပညာပေးဟောပြောပွဲများ ပြုလုပ်နိုင်ရန် လိုအပ်နေပါသည်။

ကျောက်မြောင်းကျေးရွာတွင်သောက်သုံးရန်အတွက် စိမ့်စမ်းရေ/အဝီစိရေတွင်းများကို အသုံးပြုကြပါသည်။ ချက်ပြုတ်၊လျှော်ဖွတ်ရန် အတွက် စိမ့်စမ်းရေနှင့် ချောင်းရေကို အသုံးပြုကြပါသည်။ နွေရာသီရေရှားပါးချိန်တွင် ချိုးရေနှင့် သောက်သုံးရေအလုံအလောက်ရရှိစေရန် မိုးရေလှောင်ကန် လိုအပ်လျက်ရှိသည်။

ကျောက်မြောင်းကျေးရွာတွင် ရွာလုံးကျွတ် ယင်လုံအိမ်သာကို အသုံးပြုကြပါသည်။ ကျန်းမာရေး အတွက် ကြိုတင်ကာကွယ်သောအနေဖြင့် ကျေးရွာလူထုအား ကျန်းမာရေးဟောပြောပွဲများ ပြုလုပ်ပေးရန် ဆန္ဒရှိနေကြပါသည်။ကျေးရွာတွင် ဈေးရှိသဖြင့် ဈေးနှင့် အနီးဝန်းကျင်တွင် အမှိုက်များ စနစ်တကျစွန့်ပစ်နိုင်ရန်အတွက် အမှိုက်မီးရှို့ကန်နှင့် ဈေးအိမ်သာလိုအပ်လျက်ရှိပါသည်။

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျောက်မြောင်းကျေးရွာတွင် ယခုလက်ရှိ အချိန်ထိ သဘာဝဘေးအန္တရာယ်ကြီးများစွာ ကျရောက်မှု မရှိပါ။ ဘေးအန္တရာယ်ကျရောက်လာပါကလည်း ကာကွယ်ရန်နည်းလမ်းများ လည်းမရှိပါ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သော ပညာရေးဟောပြောပွဲများ လုပ်ပေးရန် လိုအပ်နေပါသည်။ သို့မှသာလျှင် ကျေးရွာသူ/သားများ အနေဖြင့် ကောင်းကျိုး/ဆိုးကျိုးများ ခွဲခြား လာနိုင်ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို တက်ကြွစွာပါဝင်လုပ်ဆောင် လာမည် ဖြစ်ပါသည်။

၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ကျောက်မြောင်းကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေ နှင့် အမျိုးသားဦးရေမှာ တန်းတူညီ မျှမှုရှိပါသည်။ ကျေးရွာအဖွဲ့အစည်းများတွင် အမျိုးသမီးများ ပါဝင်လာမှုရှိလာပါသည်။ သာရေးနာရေးလုပ်ငန်းများတွင်လည်း အမျိုးသား/အမျိုးသမီးများ၏ စိတ်ဓါတ်စွမ်းရည်ကို မြှင့်တင်ပေးပြီး ကျေးရွာရှိ စီးပွားရေး/ လူမှုရေး/ အုပ်ချုပ်ရေး စသည့်တို့တွင် ပါဝင်လာစေရန်အတွက် ပညာရေး ဟောပြောပွဲများ ပြုလုပ်၍ အမျိုးသား/အမျိုးသမီးများ ပါဝင်အောင်စည်းရုံးလုပ်ဆောင်ရန်လိုအပ်နေပါသည်။

၁၀။ ကျောက်မြောင်းကျေးရွာဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ နောက်ဆက်တွဲ(၁)

ကျေးရွာအုပ်စုအမည်- ကျောက်မြောင်းကျေးရွာအုပ်စု ကျေးရွာအမည်-ကျောက်မြောင်းကျေးရွာ

စဉ်	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့် လုပ်ငန်းစဉ်များ	မှတ်ချက်
၁။	ဖွံ့ဖြိုးရေး	ဂါလံ(၂၀၀၀၀)ဆံ့ အုတ်ရေလှောင်ကန်တည်ဆောက်ရန်	ကွန်ကရစ်လမ်းခင်းခြင်း	
၂။	ဖွံ့ဖြိုးရေး	မူကြိုကျောင်း ကြမ်းခင်းပြုပြင်ရန်	ရွာတွင်းကတ္တရာလမ်းမကြီးအား ပြုပြင်မွမ်းမံခြင်း	
၃။	ဖွံ့ဖြိုးရေး	ကျေးရွာတွင်း လမ်း ကွန်ကရစ်ခင်းရန်	အမှိုက်မီးရှို့ကန် တည်ဆောက်ခြင်းလုပ်ငန်း	
၄။	အသိပညာပေး	ကုန်ထုတ်လမ်း ဖောက်လုပ်ရန်	မီးခိုးမြူ၊သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ၊စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ကျန်းမာရေးအသိပညာပေးခြင်း	
၅။	ပညာရေး	စာသင်ကျောင်း အုတ်တံတိုင်း ကာရံရန်လိုအပ်ခြင်း	စာသင်ကျောင်းအုတ်တံတိုင်းကာရံခြင်း	

ကျောက်မြောင်းကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များစာရင်း နောက်ဆက်တွဲ(၂)

စဉ်	အမည်	ရာထူး	မှတ်ပုံတင်အမှတ်	ဖုန်းနံပါတ်	မှတ် ချက်
၁	ဦးစံအောင်	ဥက္ကဋ္ဌ	၁၃/နခန(နိုင်)၀၂၀၂၉၀	၀၉-၆၉၁၆၆၀၃၀၃	
၂	ဒေါ်ခင်နုဝင်း	အတွင်းရေးမှူး	၁၃/ရငန(နိုင်)၀၂၈၇၈၃	၀၉-၆၅၀၅၇၇၀၉၀	
၃	ဦးခန့်အောင်ဟိန်း	ဘဏ္ဍာရေးမှူး	၁၃/ရငန(နိုင်)၀၇၃၆၂၁	၀၉-၆၈၆၃၁၅၂၀၆	
၄	ဦးသန်းဇော်ဦး	ဝယ်/ဆပ်ကော်မတီ ဥက္ကဋ္ဌ	၉/ကပန(နိုင်)၀၅၂၉၀၁	၀၉-၆၉၇၉၁၀၄၄၆	
၅	ဒေါ်ကြေးမုံခင်	စာရင်းကိုင်	၁၃/ရငန(နိုင်)၀၅၉၃၉၇	၀၉-၆၉၅၀၉၁၉၉၂	
၆	ဒေါ်သူဇာဝင်း	အဖွဲ့ဝင်	၁၃/ရငန(နိုင်)၀၂၉၂၃၅	၀၉-၆၅၁၉၈၃၈၆၅	
၇	ဦးခန့်သူအောင်	အဖွဲ့ဝင်	၁၃/ရငန(နိုင်)၀၅၉၃၃၂	၀၉-၆၉၆၈၈၀၃၅၀	

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(**ကျောက်မြောင်း**ကျေးရွာ)

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁။	ရွာတွင်းသွားလာမှု ခက်ခဲခြင်း	မြေသားလမ်းဖြစ်ခြင်း	ကျေးရွာမှ လုပ်အားပေးခြင်း	ငွေကြေးမတတ်နိုင်ခြင်း	ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ကွန်ကရစ်လမ်းခင်းခြင်း
၂။	လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း	လမ်းအပျက်အစီးများခြင်းကြောင့် ကုန်စည်ပို့ဆောင်မှုနှောင့်နှေးခြင်း	ကျေးရွာမှ လုပ်အားပေးခြင်း	ငွေကြေးမတတ်နိုင်ခြင်း	သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ရွာတွင်းကတ္တရာလမ်းမကြီးအား ပြုပြင်မွမ်းမံခြင်း
၃။	ဈေးအနီးတစ်ဝိုက် သန့်ရှင်းသပ်ရပ်မှု နည်းပါးခြင်း	အမှိုက်စနစ်တကျမီးရှို့ရန် အမှိုက်မီးရှို့ကန် လိုအပ်ခြင်း	ကျေးရွာမှ လုပ်အားပေးခြင်း	ငွေကြေးမတတ်နိုင်ခြင်း	ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	အမှိုက်မီးရှို့ကန် တည်ဆောက်ခြင်းလုပ်ငန်း
၄။	အရေးပေါ် အခြေအနေဖြစ်ပါက နှောင့်နှေးခြင်း	အသိပညာ ဗဟုသုတများ လိုအပ်ခြင်း	ကျေးရွာမှ လုပ်အားပေးခြင်း	ငွေကြေးမတတ်နိုင်ခြင်း	သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	မီးခိုးမြူ၊သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ၊စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ကျန်းမာရေး အသိပညာပေးခြင်း
၅။	ကျွဲနွားများ ဝင်ရောက်ခြင်း	ကျောင်းတွင်း လုံခြုံမှုမရှိခြင်း	ကျေးရွာမှ လုပ်အားပေးခြင်း	ငွေကြေးမတတ်နိုင်ခြင်း	ပညာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	စာသင်ကျောင်းအုတ်တံတိုင်းကာရံခြင်း

ကျောက်မြောင်းကျေးရွာနှင့် နှစ်အလိုက် ဦးစားပေးလုပ်ငန်းလျာထားချက်

စဉ်	စီမံချက်အမည်	ဦးစားပေးအဆင့်	၂၀၂၄	၂၀၂၅	၂၀၂၆	၂၀၂၇	၂၀၂၈
၁။	ကွန်ကရစ်လမ်းခင်းခြင်း	၁	J				
၂။	ရွာတွင်းကတ္တရာလမ်းမကြီးအား ပြုပြင်မွမ်းမံခြင်း	၂		J			
၃။	အမှိုက်မီးရှို့ကန် တည်ဆောက်ခြင်းလုပ်ငန်း	၃			J		
၄။	မီးခိုးမြူ၊သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ၊စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျန်းမာရေးအသိပညာပေးခြင်း	၄				J	
၅။	စာသင်ကျောင်းအုတ်တံတိုင်းကာရံခြင်း	၅					J